Myanmar Peace Monitor

# Weekly News Review

Issue 116, 2 - 8 August 2023



# အရေးပေါ်ဖြေရှင်းရမည့် တော်လှန်ရေးတပ်ဖွဲ့များအကြား ပွတ်တိုက်မှုများ

# အရေးပေါ်ဖြေရှင်းရမည့် တော်လှန်ရေးတပ်ဖွဲ့များ အကြား ပွတ်တိုက်မှုများ

**နိုဒါန်း**


“ကျွန်တော်တို့အားလုံးဟာ တော်လှန်ရေးမှာ လုပ်ကိုင်ဆောင်ရွက်ပုံတွေ မတူညီကြပေမယ့် လျှောက်တဲ့လမ်းချင်းတူလို့ လူချင်းတွေ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် တလှေတည်းစီး တခရီးတည်းသွားသူချင်း တတ်နိုင်သ၍ ညီညီညွတ်ညွတ်၊ ဖေးဖေးမမနဲ့ ပန်းတိုင်အောင်ပွဲကိုပဲ အာရုံပြုပြီး လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။”

၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ယာယီသမ္မတ ဒူဝါလရှီးလ၏ ပြည်သူ သို့ သတင်းစကားဖြစ်သည်။

Myanmar Peace Monitor

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများကို လေ့လာကြည့်လျှင် NUG ကာကွယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းလိုက်သည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် မြို့နယ်အလိုက် ဒေသအခြေပြု ပြည်သူ့ ကာကွယ်ရေးအဖွဲ့ (ပကဖ)များ၊ NUG ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) များ၊ ပြည်သူလုံခြုံရေး အဖွဲ့ (ပလဖ)များ၊ မြို့ပြဒေသအလိုက် အမည်နာမမျိုးစုံဖြင့် ဖွဲ့စည်းထားသည့် PDF - LDF များ၊ နွေဦးတော်လှန်ရေး၏ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO)များ ဟူ၍ ခွဲခြားတွေ့ မြင်နိုင်ပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ် သတင်း သုံးသပ်ချက်တွင် ဆိုခဲ့ပါ နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုအချင်းချင်း အကြား ပွတ်တိုက်မှုများ၊ ပဋိပက္ခများ၊ ပြဿနာများနှင့် C3C အခန်းကဏ္ဍကို ချဉ်းကပ် လေ့လာကာ လှစ်ဟတင်ပြသွားပါမည်။


ရက်စွဲ။ ။၂၀၂၃ခုနှစ် ၊ဇူလိုင်လ ၂၄ရက်

သို့

[redacted]

ပြည်သူ့ကာကွယ်ရေးအဖွဲ့

[redacted] မြို့နယ်

[redacted]

အကြောင်းအရာ ။ ။NUGအစိုးရ၏ ညွှန်ကြားချက်အောက်တွင်မရှိသောအခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ်ခြင်း၊ ဝင်ရောက်နေထိုင်ခွင့်မပြုရန်ကိစ္စ။

ရည်ညွှန်း။ ။စစ်ရုံး၏ညွှန်ကြားစာ ပူးတွဲပါရှိပြီး။

အထက်အကြောင်းအရာပါကိစ္စနှင့် ပါတ်သတ်၍ [redacted] ရွာတွင် အခြေချနေထိုင်ရန် ရွှေ့ပြောင်းရောက်ရှိလာသော ကိုဇေယျာလွင် ဦးဆောင်သော 96 Soldier (LPDF) အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်(၁) စစ်ဒေသရုံး၏ ညွှန်ကြားချက်အရ အခြေချနေထိုင်ခြင်းမပြုရန် ထပ်ဆင့်ညွှန်ကြားလိုက်သည်။

24/7/23

တာဝန်ခံ

ပြည်သူ့ကာကွယ်ရေးအဖွဲ့

[redacted]

# ဖြစ်စဉ် (၁)

၂၀၂၃ ခုနှစ် ဇူလိုင် ၂၄ ရက်စွဲဖြင့် ဖြစ်သည်။ စစ်ကိုင်းတိုင်းအတွင်း မြို့နယ် ပြည်သူ့ကာကွယ်ရေး အဖွဲ့ (ပကဖ) တစ်ဖွဲ့က ကိုဇေယျာလွင် ဦးဆောင် သည့် 96 Soldier (LPDF) အဖွဲ့အား ၎င်းတို့မြို့နယ် အတွင်း အခြေချခွင့် မပြုကြောင်း စာပေးပို့ခဲ့သည်။


"NUG အစိုးရ၏ ညွှန်ကြားချက်အောက်တွင် မရှိသော အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆက် သွယ်ခြင်း၊ ဝင်နေထိုင်ခွင့်မပြုရန်ကိစ္စ" ဟုအကြောင်း ပြထားသည့် အဆိုပါ ပေးပို့စာတွင် "ကာကွယ်ရေး ဝန်ကြီးဌာန၊ အမှတ် (၁) စစ်ဒေသရုံး၏ညွှန်ကြားချက် အရ အခြေချနေထိုင်ခွင့်မပြုရန် ထပ်ဆင့်ညွှန်ကြား လိုက်သည်" ဟု လည်း ဖော်ပြထားပါသည်။

"Local PDF (LPDF) တွေကို မြေပြင်မှာ အချင်းချင်းကနေပြန်ပြီး ဖိနှိပ်နေတဲ့အဖြစ်အပျက်တွေ အများကြီးရှိတယ်" ဟုလည်း 96 Soldiers အဖွဲ့ ခေါင်းဆောင် ကိုဇေယျာလွင်က ဆိုထားပါသည်။

# ဖြစ်စဉ် (၂)

မကွေးတိုင်း ရေစကြိုမြို့နယ် ကန်ဦးရွာစာသင်ကျောင်းအနီးတွင် မြင်းခြံခရိုင် တပ်ရင်း-၅ ၊ MG6 ပြောက်ကျားတပ်ဖွဲ့ကို ရေလယ်ကျွန်းတပ်ပေါင်းစုက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၄ ရက် နံနက်ပိုင်းတွင် ပစ်ခတ်ခဲ့သဖြင့် MG6 ပြောက်ကျားတပ်ဖွဲ့ တပ်ရင်းမှူး ကိုချမ်း(ခ)ဗိုလ်ကျော်လင်းထွန်း ကျဆုံးခဲ့ရသည်။ [1]

ဖြစ်စဉ်နှင့်ပတ်သက်ပြီး NUG ကာကွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြင်းခြံခရိုင် ပ.က.ဖ၊ မြင်းခြံမြို့နယ် ပ.က.ဖ၊ တောင်သာမြို့နယ် ပ.က.ဖ၊ မြင်းခြံခရိုင် တပ်ရင်းအမှတ် (၁)၊ တပ်ရင်းအမှတ် (၂)နှင့် တပ်ရင်းအမှတ် (၃)တို့ ညှိနှိုင်းကာ ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ကြောင်း၊ လက်နက်များနှင့်အတူ ဖမ်းဆီးခံထားရသည့် MG6 ပြောက်ကျားတပ်ဖွဲ့ဝင်များအား ရေစကြိုမြို့နယ် ပ.က.ဖထံ အပ်နှံကာ စစ်ဆေးမေးမြန်းပြီး မြောင်မြို့နယ် ပ.လ.ဖ ထံသို့ အပ်နှံကာ စစ်ဆေးမှုများ ပြီးဆုံးသည်အထိ MG 6 ပြောက်ကျားတပ်ဖွဲ့ပိုင် လက်နက်ခဲယမ်းများအား သိမ်းဆည်းထားမည့်အကြောင်း ဩဂုတ်လ ၈ ရက်တွင် ထုတ်ပြန်ထားသည်။


ရက်စွဲ၊ ၁၀.၈.၂၀၂၃

ပြည်သူသို့ အသိပေးကြော်ငြာချက်

၄.၈.၂၀၂၃ ရက်နေ့၌ ရေစကြိုမြို့နယ် ကံဦးရွာအနီးတွင် မြင်းခြံ MG-6 ပျောက်ကျားတပ်ဖွဲ့နှင့်ရေစကြိုမြို့နယ် ပ.က.ဖ၊ရေလယ်ကျွန်းတပ်ပေါင်းစုတို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ ထိုဖြစ်စဉ်အတွင်း MG6ပျောက်ကြားတပ်ဖွဲ့ခေါင်းဆောင်ဖိုးချမ်း(ခ)ကျော်လင်းထွန်းသေဆုံးခဲ့ပါသည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ NUG အစိုးရ၊ကာကွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြင်းခြံခရိုင် ပ.က.ဖ၊မြင်းခြံမြို့နယ် ပ.က.ဖ၊တောင်သာမြို့နယ် ပ.က.ဖ၊ မြင်းခြံခရိုင်တပ်ရင်းအမှတ်(၁)၊တပ်ရင်းအမှတ်(၂)၊တပ်ရင်းအမှတ်(၃) တို့သည် ညှိနှိုင်းတိုင်ပင်၍ ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီက ပစ်ခတ်မှုဖြစ်စဉ်တွင် ပါဝင်သော MG-6ပျောက်ကျားတပ်ဖွဲ့ဝင် များအား ဖြစ်စဉ်ပါလက်နက်များနှင့်အတူ ရေစကြိုမြို့နယ် ပ.က.ဖ ထံသို့ ခေတ္တအပ်နှံ၍အခင်းဖြစ်စဉ်ကိုစစ်ဆေးမေးမြန်းစေခြင်း၊စစ်ဆေးမေးမြန်းပြီး ကော်မတီမှ တပ်ဖွဲ့ဝင်များနှင့် ကျန်ရှိMG-6ပျောက်ကျားတပ်ဖွဲ့ဝင်များကို NUG အစိုးရ၊ တစ်ဆင့် မြောင်မြို့နယ် ပ.လ.ဖထံသို့ အပ်နှံ၍ ကာကွယ်ရေးဝန်ကြီးဌာန၏ စုံစမ်းစစ်ဆေးမှု ပြီးဆုံးသည်အထိ စနစ်တကျနေထိုင်စေခြင်း၊MG6ပျောက်ကျားတပ်ဖွဲ့ပိုင်လက်နက်ခဲယမ်းများ ကိုကော်မတီကခေတ္တထိန်းသိမ်းထားခြင်းစသောလုပ်ငန်းစဉ်များကိုအချိန်နှင့် တပြေးညီ ဆောင်ရွက်လျှက်ရှိကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြင်းခြံခရိုင် ပ.က.ဖ
မြင်းခြံခရိုင်တပ်ရင်းအမှတ်(၁)
မြင်းခြံမြို့နယ် ပ.က.ဖ
မြင်းခြံခရိုင်တပ်ရင်းအမှတ်(၂)
တောင်သာမြို့နယ် ပ.က.ဖ
မြင်းခြံခရိုင်တပ်ရင်းအမှတ်(၃)

MG6 ပြောက်ကျားတပ်ဖွဲ့တပ်ရင်းမှူးတစ်ဦး အသက်သေဆုံးရသည်အထိ ပစ်ခတ်ဖမ်းဆီးခဲ့ရသည့် အကြောင်းရင်းကိုမူ ရှင်းလင်းထားခြင်းမရှိဟု ဆိုရပါမည်။

# ဆက်စပ်သတင်းတွေ့ရှိချက်များ

၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းအချိန်၊ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်အရှေ့ပိုင်း ကားလမ်းတနေရာတွင်NUGလက်အောက်ခံရွှေဘိုခရိုင် (PDF) တပ်ရင်း (၂) က ပစ်ခတ်သဖြင့် ဒေသကာကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်သည့် ဗိုလ်ကျားကြီးတပ်ဖွဲ့မှ ရဲဘော်နှစ်ဦးကျဆုံးခဲ့သည်။ ဗိုလ်ကျားကြီးတပ်ဖွဲ့သည် မူလက NUG ၏ PDF နှင့် မြို့နယ် ပ.က.ဖလက်အောက်တွင်

1 ရေစကြိုတွင် MG6-ပြောက်ကျားတပ်ဖွဲ့ တပ်ရင်းမှူး လုပ်ကြံခံရ https://burmese.dvb.no/post/608153

ဖွဲ့စည်းခဲ့သည့် ကျေးရွာကာကွယ်ရေးတပ်ဖွဲ့ ဖြစ်သော်လည်း နောက်ပိုင်းတွင် သီးခြား ရပ်နေသော LPDF တပ်ဖွဲ့တစ်ဖွဲ့ဖြစ်သည်။ [2]

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်တွင်လည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ည ၁၁ နာရီဝန်းကျင်တွင် ပြည်သူ့လုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့ (PSDA) အဖွဲ့ဝင် အချင်းချင်း ပစ်ခတ်မှုဖြစ်ပွားပြီး တပ်ဖွဲ့ဝင် ၆ ဦး ကျဆုံးပြီး ၃ ဦး ဒဏ်ရာရရှိခဲ့သည်။ [3]

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်တွင်လည်း စစ်ကိုင်းတိုင်း မြောင်မြို့နယ် ရွှေပေါက်ပင်ရွာ အနီးတွင် မြင်းမူမြို့နယ် အခြေစိုက် ZARMANI Revolution Force - မြင်းမူ/မြောင်အဖွဲ့ ခေါင်းဆောင် ကိုမိုးဇော်နှင့် တပ်ဖွဲ့ဝင်နှစ်ဦးအပြင် အရပ်သားတစ်ဦးကိုပါ မြောင်မြို့နယ် ပ.လ.ဖက ဖမ်းဆီးသွားခဲ့ပြီး ၁၀ ရက်အကြာတွင် သတ်ဖြတ်ခံလိုက်ရသည်ဟု ဆိုပါသည်။ မြောင်မြို့နယ် မရိုးကုန်းရွာ ပ.က.ဖ ခေါင်းဆောင် ကိုဖိုးထောင်အား သတ်ဖြတ်ခဲ့သည် ဆိုသော စွပ်စွဲချက်ဖြင့် ကိုဇော်မိုးတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟုဆိုပါသည်။ [4]

ဆိုရသော် ဖော်ပြပါဆက်စပ်သတင်းတွေ့ရှိချက်များသည် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုအချင်းချင်းအကြား ပွတ်တိုက်မှုများ၊ ပဋိပက္ခများနှင့် ပြဿနာ များကြောင့် အသက်သေဆုံးခဲ့ရသည့်ဖြစ်စဉ် တချို့သာ ဖြစ်ပါသည်။ NUG ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်တွင် PDF တပ်ရင်းနှင့် စစ်ကြောင်း ပေါင်း ၃၀၀ ကျော်အပြင် မြို့နယ်အလိုက် ပ.က.ဖ ၂၅၀ ကျော် ရှိနေသည်။ အမည်နာမမျိုးစုံဖြင့် ဖြစ်တည် ပေါက်ပွားလာနေသော မြို့ပြဒေသအလိုက် PDF-LDF အဖွဲ့ ပေါင်းကလည်း တစ်နိုင်ငံလုံး အတိုင်းတာဖြင့် ရာနှင့်ချီရှိနေသည်။ ထို့အတွက် ပွတ်တိုက်မှုများ၊ အငြင်းပွားမှုများနှင့် ပဋိပက္ခများ ဖြစ်ပွားလာနိုင်သည်က ကြိုတင်တွက်ဆထားရမည်ဖြစ်သည်။

## သုံးသပ်တင်ပြချက်

နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် အရှိန်အဟုန်မြင့်တက်လာနေသည်။ အာဏာသိမ်းစစ်အုပ်စုအား တန်ပြန်ထိုးစစ်ဆင်မှုများ၊ စခန်းသိမ်းတိုက်ပွဲများကိုပါ ကျယ်ပြန့်စွာ တွေ့မြင်နေရပြီဖြစ်သည်။ ခုခံတော်လှန် ရေးအင်အားစုများသည် ဒေသ အလိုက် အချင်းချင်းပူးပေါင်းချိတ်ဆက်လှုပ်ရှားမှုများ၊ မဟာမိတ်ဖွဲ့စုစည်းမှုများနှင့် စုစည်း

2 ဝက်လက်တွင် ခရိုင် PDF နှင့် ဒေသခံကာကွယ်ရေးအဖွဲ့တစ်ခု အပြန်အလှန်ပစ်ခတ်
https://myanmar-now.org/mm/news/12475/

3 မူဆယ်မှာ PDF အချင်းချင်း ပစ်ခတ်မှုဖြစ်ပြီး ခြောက်ဦးသေဆုံး
https://www.rfa.org/burmese/news/pdf-muse-gunshot-11252022070943.html

4 ဇာမဏီ PDF ခေါင်းဆောင်အပါ သုံးဦးနဲ့ အရပ်သားတစ်ဦး သတ်ဖြတ်ခံရ
https://www.rfa.org/burmese/news/zarmani-pdf-06142023031605.html

ညီညွတ်မှု ပိုမိုအားကောင်းလာသည်ဟု ဆိုနိုင်သော်လည်း ပ.က.ဖ၊ ပ.လ.ဖနှင့် PDF၊ LDF များအကြား ပွတ်တိုက်မှုများ၊ ပဋိပက္ခများ၊ ပြဿနာများကိုမူ အရေးတယူ ဖြေရှင်းဆောင်ရွက်ရန် လိုလာပြီ ဖြစ်သည်။

ထိုအတွက် NUG ၏ ကာကွယ်ရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့တွင် တာဝန်ရှိနေပြီဖြစ်သည်။ အလားတူ မဟာမိတ် ERO (၄)ဖွဲ့နှင့်စုဖွဲ့ထားသည့် "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (C3C-Central Command and Coordination Committee) တွင် တာဝန်ရှိလာပြီဖြစ်သည်။ C3C တွင် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ဥက္ကဌ၊ စစ်ဦးစီးချုပ်အစရှိသည့် နိုင်ငံရေး၊ စစ်ရေးဆုံးဖြတ်ပိုင်ခွင့်ရှိသူများ ပါဝင်ပြီး NUG ၏ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုဝန်ကြီး၊ ပြည်ထဲရေးနှင့် လူဝန်မှုကြီးကြပ်ရေး ဝန်ကြီးဌာနမှ ဝန်ကြီးတို့ ပါဝင်နေသည်။

"လမ်းများအားလုံး နေပြည်တော်သို့" စစ်ဆင်ရေးသည် နိုင်ငံတနံတလျားရှိ စစ်ဒေသအလိုက်၊ စစ်ဒေသခွဲအလိုက် မည်သည့်နေရာကိုမျှ ချန်လှပ်ထားရစ်ခဲ့မည်မဟုတ်ဘဲ အာဏာသိမ်းစစ်အုပ်စု ပြုတ်ကျရေးသို့ ဦး တည်နေခြင်းကြောင့် မြို့ပြဒေသအလိုက် PDF-LDF အပြင် သက်ဆိုင်ရာဒေသအလိုက် ထိန်းချုပ် ခြေကုတ်ယူထားကြသည့် ERO များနှင့်ပါ C3C အောက်မှ တပ်ရင်းတပ်ဖွဲ့များ၊ ပ.က.ဖ၊ ပ.လ.ဖများ ထိပ်တိုက်တွေ့ဆုံရပေလိမ့်မည်။

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးသို့ ရည်မျှော်လျှောက်လှမ်းနေသည့် တော်လှန်ရေးအင်အားစုများအချင်းချင်းအကြား ပဋိပက္ခများ လျှော့ချနိုင်ရေးနှင့် အချိန်မီ ဖြေရှင်းနိုင်ခြင်းသည်လည်း နွေဦးတော်လှန်ရေး အဆုံးအဖြတ်နှစ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေသည်ဟု ရှုမြင်ပါသည်။ ထိုအတွက် ယာယီသမ္မတ ဒူဝါလရှီးလ၏ ပြည်သူသို့ သတင်းစကားသည် အထောက်အကူပြုနိုင်ပါသည်။

"တလှေတည်းစီး တခရီးတည်းသွားသူချင်း တတ်နိုင်သ၍ ညီညီညွတ်ညွတ်၊ ဖေးဖေးမမနဲ့ ပန်းတိုင်အောင်ပွဲကိုပဲ အာရုံပြုပြီး လျှောက်လှမ်းကြရမှာဖြစ်ပါတယ်" ဟူ၏။

> "တလှေတည်းစီး
> တခရီးတည်းသွားသူချင်း
> တတ်နိုင်သ၍
> ညီညီညွတ်ညွတ်၊
> ဖေးဖေးမမနဲ့
> ပန်းတိုင်အောင်ပွဲကိုပဲ
> အာရုံပြုပြီး
> လျှောက်လှမ်းကြရမှာ
> ဖြစ်ပါတယ်"

# Weekly Highlight Quote




“

စစ်ကောင်စီတပ်ရှိနေတော့ ဘယ်အချိန် ဘာဖြစ်လာမလဲဆိုပြီး စိုးရိမ်နေရတယ်။ နမ်ဖတ်ကာမှာရှိတဲ့ စစ်တပ်က အနီးအနားပတ်ဝန်းကျင်က အခြေအနေတွေကို ဆုပ်ကိုင်ထားတဲ့ အရေးကြီးတဲ့ စစ်တပ်လည်းဖြစ်တယ်။ အခုလို စစ်တပ်ကို လာသိမ်းရင် ပြည်သူတွေပဲ ထိခိုက်ဒဏ်ရာရမယ်။ စစ်ကောင်စီတပ်ကိုဖြိုချချင်ပေမယ့် လွန်ခဲ့တဲ့ ဖြစ်စဉ်ကလို ထိရောက်မှုမရှိဘဲ သွားစသလိုမျိုးပဲဆိုရင် ပြည်သူတွေပဲ ထိခိုက်တယ်။ တိုက်မယ်ဆိုလည်း ပြည်သူတွေကို အသိပေးပြီး ပြည်သူတွေ လုံခြုံတဲ့အချိန် တိုက်ရင် ကောင်းတယ်။ ကောင်းကောင်းပြင်ဆင်ပြီး တိုက်ရင်ကောင်းတယ်။

”

- အသက် ၅၈ အရွယ် နမ်ဖတ်ကာဒေသခံအမျိုးသမီးတစ်ဦး


- ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း

*(BNI-MPM တွင် ဖော်ပြထားသည့် "ရှမ်းပြည်မြောက်ပိုင်း နမ်ဖတ်ကာမှာ တိုက်ပွဲအခြေအနေတွေနဲ့ ပတ်သတ်ပြီး အသက် ၅၈ အရွယ် နမ်ဖတ်ကာ ဒေသခံအမျိုးသမီးတစ်ဦးနှင့် အမေးအဖြေ"မှ ကောက်နုတ်သည်)*


# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဩဂုတ်လ ၂ ရက်မှ ၈ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြားတိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၆ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။





တစ်ပတ်အတွင်း
မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှု
၂၅



## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု


၂ - ၈ ဩဂုတ် ၂၀၂၃




## ၃၅၄၅၀ စစ်ဘေးရှောင်အရေအတွက် (၂ – ၈ ဩဂုတ် ၂၀၂၃)




မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၆ ရက်




# စစ်ကိုင်း


ကလေး၊ အင်းတော်၊ မြောင်၊ ဆားလင်းကြီး၊ ယင်းမာပင်နှင့် ပုလဲမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၄၁ ဦးကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၃ ရက်နေ့က ကနီမြို့ပေါ်၊ ရဲစခန်းဝန်းအတွင်း စခန်းမှူး မွေးနေ့ပွဲ ပြုလုပ်နေစဉ် ဒေသကာကွယ်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် ပုံးကြဲတိုက်ခိုက်ရာ စခန်းမှူးထွန်းမြင့်နှင့် နယ်ထိန်းဆန်းဌေးဆိုသူ နှစ်ဦး နေရာတွင်ပင် သေဆုံးခဲ့သည်။ [1] ကလေးမြို့ အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့(CNDF)မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ဩဂုတ်လ ၆ ရက်နေ့က လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုမရသဖြင့် အသက်သေဆုံးခဲ့သည်။ [2] စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ကသာနှင့် အင်းတော်မြို့နယ်များမှ ဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာသောကြောင့် ပုလဲ၊ ရေဦးနှင့် ယင်းမာပင်မြို့နယ်များမှ ဒေသခံ ပြည်သူ ၃၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




1 ကနီမြို့ ရဲစခန်း ဒရုန်းဖြင့် ပုံးသီးချ တိုက်ခိုက်ခံရ၊ စခန်းမှူးနှင့် နယ်ထိန်းသေဆုံး https://tinyurl.com/24xuyq49


2 ထောင် ၁၀ နှစ် ချမှတ်ခံရသော CNDF တပ်သား ဆေးကုသခွင့် မရဘဲ အကျဉ်းထောင်တွင် ကျဆုံး https://tinyurl.com/2548cbr7

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ရက်




## မကွေးတိုင်း

ရေစကြိုနှင့် ပခုက္ကူမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၈ ရက်နေ့က ပခုက္ကူမြို့နယ်တိုက်ပွဲတွင် တပ်မ(၁၀၁)၏ လက်အောက်ခံ ထောက်ပို့တပ်က နေအိမ်ပေါ် ပုံးကျပေါက်ကွဲခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်တစ်ဦး၏ အမျိုးသမီးနှင့် အမေဖြစ်သူလည်း သေဆုံးခဲ့သည်။[3] ဩဂုတ်လ ၃ ရက်နေ့က နတ်မောက်မြို့နယ်၊ ဒန့်သလွန်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဒေါင်းတင်ဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။[4] ဩဂုတ်လ ၇ ရက်နေ့က အောင်လံမြို့နယ်၊ ရွှေပန်းတောကျေးရွာအုပ်စု၊ စိုင်သေကွင်းကျေးရွာနေ စစ်ကောင်စီသတင်းပေး ဦးမြဝင်းဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။ [5]





3 ၈၈၈၈ အထိမ်းအမှတ်အဖြစ် စစ်ကောင်စီအခြေစိုက် ၃ နေရာကို PDF ပူးပေါင်းအဖွဲ့က တပြိုင်တည်းတိုက်ခိုက်https://tinyurl.com/28mdzc6r

4 နတ်မောက်မြို့နယ် ဒန့်သလွန်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ပစ်ခတ်ခံရ၍ သေဆုံး https://tinyurl.com/2d2598w5

5 စစ်ကောင်စီသတင်းပေးဆိုသူ ကြံ့ခိုင်ရေးပါတီဝင် အသတ်ခံရပြီး နေအိမ်မီးရှို့ခံရ https://tinyurl.com/2c9stlx7

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၂ ရက်





# ကရင်ပြည်နယ်

ဩဂုတ်လ ၇ ရက် နှင့် ၈ ရက်နေ့က မြဝတီမြို့အနီးရှိ လက်ခတ်တောင်ဘုရားကုန်းတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ [6]


6 လက်ခတ်တောင်ဘုရားကုန်းကို ပြန်သိမ်းရန် စစ်ကောင်စီနှင့် BGF များ လက်နက်ကြီးပစ်ကူဖြင့် ပြန်လည်ကြိုးစားနေ https://tinyurl.com/2bdjh2wc

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၃ ရက်





# ပဲခူးတိုင်း

ကျောက်တံခါး၊ ဖြူးနှင့် နတ်တလင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၇ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျောက်တံခါးနှင့် ညောင်လေးပင်မြို့နယ်များမှ ဒေသခံပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ တောင်ငူ၊ အုတ်ဖိုနှင့် ရေတာရှည်မြို့နယ်များမှ ပြည်ခိုင်ဖြိုးပါတီ ရပ်ကျေးဥက္ကဌ၊ ရက်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးအပါအဝင် ၃ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့သည်။




မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၄ ရက်




# ရှမ်း (သျှမ်း) ပြည်နယ်

လားရှိုး၊ မူဆယ်၊ နောင်ချိုနှင့် လဲချားမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်(TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA)၊ ပြည်သူ့ကာကွယ်ရေး တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်သား ၃၀ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၄ ရက်နေ့က မူဆယ်မြို့ စက်မှုဇုန်ရှိ ကားဝပ်ရှော့တစ်ခုတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး လူတစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့သည်။ [7] ဩဂုတ်လ ၆ ရက်နေ့က ကျောက်မဲမြို့တွင် မြို့နယ်စည်ပင် သာယာရေးကော်မတီဦးစီးမှူးနှင့် လျှပ်စစ်ဌာနမှ လျှပ်စစ်အင်ဂျင်နီယာတို့ လက်ဖက်ရည်ဆိုင် ထိုင်နေစဉ် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့က သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ရာ နေရာတွင် သေဆုံးခဲ့သည်။ [8] မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာအုပ်စုအတွင်း စစ်ကောင်စီတပ်ဖွဲ့နှင့် TNLA တပ်ဖွဲ့တို့၏ ထိတွေ့တိုက်ပွဲပြင်းထန်မှုကြောင့် မန်ထမ်ကျေးရွာခံ ၅၀ ကျော်သည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။ [9]





7 မူဆယ် ဗုံးပေါက် ၁ ဦးသေ ၅ ဦး ဒဏ်ရာရ https://tinyurl.com/26udq26n

8 ကျောက်မဲတွင် မြို့နယ် စည်ပင်ဦးစီးမှူး နှင့် လျှပ်စစ်အင်ဂျင်နီယာ ပစ်ခတ်ခံရ၍ သေဆုံး https://tinyurl.com/28l8fxyl

9 မူဆယ်မြို့နယ်အတွင်း စစ်ရေးတင်းမာနေဆဲ https://tinyurl.com/29anec5y

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၂ရက်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁

# ကရင်နီ (ကယား) ပြည်နယ်

ဒီးမော့ဆို နှင့် မယ်စဲ့မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီတပ်မတော်(KA)၊ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ရက်





တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

- ၀ - ၀
- ၀ - ၁

# တနင်္သာရီတိုင်း


ဩဂုတ်လ ၆ ရက်နေ့က လောင်းလုံးမြို့နယ်တွင် စစ်ကောင်စီတပ်အတွက် ရိက္ခာဝယ်ယူပြီး ပြန်လာသည့်ကားကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ လိုက်လံပစ်ခတ်သည့် အချိန်တွင် ဒေသခံတစ်ဦး မတော်တဆ ကျည်ထိမှန် သေဆုံးခဲ့သည်။ [10] ထို့အပြင် ဩဂုတ်လ ၈ ရက်နေ့က လောင်းလုံးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးရုံး အနီးတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ [11]




10 စစ်တပ်ရိက္ခာကား ပစ်ခတ်မှုအတွင်း ဒေသခံတစ်ဦးကျည်ထိမှန်သေဆုံးခဲ့ဟု လောင်းလုံး PDF ပြော https://tinyurl.com/2b3go54b


11 ရှစ်လေးလုံး အထိမ်းအမှတ် ပြုလုပ်နေစဉ် စစ်ကောင်စီနှင့် လောင်းလုံး PDF တို့ ထိတွေ့မှုဖြစ်ပွားခဲ့ https://tinyurl.com/2btg996q

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ ရက်




# ချင်း


ဩဂုတ်လ ၁ ရက်နှင့် ၂ ရက်နေ့များက တွန်းဇံမြို့ပေါ်တွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသကာကွယ်ရေးတပ်ဖွဲ့မှ ၁ ဦး သေဆုံးခဲ့သည်။ အဆိုပါတိုက်ပွဲအပြီး ရဲစခန်းအနီးနေထိုင်သည့် ဒေသခံဇနီးမောင်နှံ ဆိုင်ကယ်ဖြင့် ထွက်ပြေးတိမ်းရှောင်စဉ် စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် အမျိုးသားဖြစ်သူ သေဆုံးပြီး အမျိုးသမီးဖြစ်သူမှာ ဝမ်းဗိုက်တွင်ဒဏ်ရာရရှိခဲ့သည်။ [12] ထို့အပြင် ဩဂုတ်လ ၃ ရက်နေ့က ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေး- လောင်းရှည် လမ်းပိုင်းအတွင်း စစ်ကောင်စီတပ် ထောင်ထားသော မြေမြှုပ်မိုင်းများကို နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ် မိုင်းမတော်တဆ ပေါက်ကွဲမှုကြောင့် အသက် ၂၉ နှစ်အရွယ် ရဲဘော် ဆလိုင်းအွမ်ဂေ ကျဆုံးခဲ့သည်။ [13]




12 တွန်းဇံမြို့ ၂ ရက်တာ တိုက်ပွဲအတွင်း ကာကွယ်ရေးတပ်ဖွဲ့ဝင်နှင့် ဒေသခံ ကျဆုံး https://www.mizzimaburmese.com/article/131604


13 နယ်မြေရှင်းလင်းရေးဆောင်ရွက်နေချိန် မိုင်းမတော်တဆပေါက်ကွဲမှုကြောင့် CDF ရဲဘော်ကျဆုံး https://tinyurl.com/2cdeoz9g

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၃ ရက်




# ကချင်

ဖားကန့်နှင့် ဗန်းမော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား၈၀ ဦး ကျဆုံးခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့က ဖားကန့်မြို့နယ်၊ နမ့်မော်ကျေးရွာအနား တိုက်ပွဲတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ကျဆုံးမှုများသည့်အတွက် တိုက်ပွဲများဆက်လက် ဖြစ်ပွားလာနိုင်သောကြောင့် နမ့်မော်အနီးပတ်ဝန်းကျင်မှာ နေထိုင်ကြသည့် အရပ်သားပြည်သူ ၄၀၀ ကျော် ဘေးလွတ်ရာကိုထွက်ပြေးတိမ်းရှောင်နေကြသည်။[14] ဩဂုတ်လ ၃ရက်နေ့က မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်အဝင် ရထားသံလမ်းကူးနားမှာ နမ္မတီး စည်ပင်ဌာနက ဦးစီးမှူးဆိုသူ အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ [15]




14 ကသိုက်းတောင်တိုက်ပွဲတွင် စစ်ကောင်စီတပ်သားအားလုံးနီးပါးသေဆုံး တပ်စိတ်မှူးနဲ့ မိသားစုကို ဖမ်းဆီးရမိ https://tinyurl.com/2bo38g93

15 နမ္မတီးစည်ပင်ဦးစီးမှူး ပစ်သတ်ခံရ https://tinyurl.com/2boxqhcg



မြန်မာ့အရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ရှိနေခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများသည် မြန်မာ့အကျပ်အတည်းကို ဖြေရှင်းရန်အတွက် သံတမန်ရေးရာအားထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်နေသော်လည်း ပါဝင်ပတ်သက်နေသော သက်ဆိုင်သူအားလုံးအနေဖြင့် ပြဿနာကို အမှန်တကယ် ဆွေးနွေးလိုသည့် နိုင်ငံရေးစိတ်ဆန္ဒရှိမှသာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ဩဂုတ်လ ၈ ရက်တွင် ပြောကြားခဲ့ပါသည်။ [1]

အာဆီယံအနေဖြင့် မြန်မာ့ပြဿနာကို မဖြေရှင်းနိုင်လျှင် အရှေ့တီမောနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့သို့ ဂင်ရောက်မည်မဟုတ်ကြောင်း ဂန်ကြီးချုပ် ရှာနာနာ ဂုစ်မာအိုက ပြောကြားလိုက်ပါသည်။ ၎င်းတို့သည် ဒီမိုကရေစီနည်းလမ်းအတိုင်း ဆက်လျှောက်နေပြီး၊ ကုလသမဂ္ဂ၏ သဘောတူညီချက်အတိုင်း မပြောင်းမလဲ ရပ်တည်နေမည်ဖြစ်ကာ၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံမှ စစ်အာဏာရှင်များကို မထိန်းချုပ်နိုင်ပါက အာဆီယံအပေါ် အယုံအကြည်မရှိကြောင်း ၎င်းက ဩဂုတ်လ ၇ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ [2]

---

1 မြန်မာ့အကျပ်အတည်း ဖြေရှင်းရာတွင် သက်ဆိုင်သူအားလုံးက "နိုင်ငံရေးစိတ်ဆန္ဒ" ရှိရန် လိုဟု အင်ဒိုနီးရှား ပြော https://tinyurl.com/2yyo4bq7

2 မြန်မာ့အရေး မဖြေရှင်းနိုင်ပါက အာဆီယံအဖွဲ့ကို ဝင်ရောက်မည်မဟုတ်ဟု တီမော ဝန်ကြီးချုပ်ပြော https://tinyurl.com/27a95hm4

> စစ်ကောင်စီတပ်သည် အရပ်သားများအပေါ် ဗုံးကြဲခြင်းနှင့် အခြား စစ်ရာဇဝတ်မှုများကို ခပ်စိပ်စိပ်နှင့် ပြောင်ကျကျ ပိုမိုကျူးလွန်လာကြောင်း

စစ်ကောင်စီတပ်သည် အရပ်သားများအပေါ် ဗုံးကြဲခြင်းနှင့် အခြားစစ်ရာဇဝတ်မှုများကို ခပ်စိပ်စိပ်နှင့် ပြောင်ကျကျ ပိုမိုကျူးလွန်လာကြောင်း ဩဂုတ်လ ၈ ရက်တွင် ထုတ်ပြန်သော ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ရပ်၏ အစီရင်ခံစာတစ်စောင်ဖြစ်သော Independent Investigative Mechanism fo Myanmar (IIMM) ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ [3]

ဩဂုတ်လ ၃ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် (နယူးယောက်မြို့) ဦးကျော်မိုးထွန်းက စစ်ကောင်စီတပ် ကျူးလွန်သည့် စစ်ရာဇဝတ်မှု၊ နိုင်ငံကာပြစ်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အနေဖြင့် အရေးယူနိုင်ခြင်းမရှိသေးဟု ထောက်ပြပြောဆိုခဲ့ပါသည်။ ၎င်းသည် လုံခြုံရေးကောင်စီတွင်ပြုလုပ်သော "ငတ်မွတ်မှုဘေးအန္တရာယ်နှင့် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာ့စားနပ်ရိက္ခာ မလုံလောက်မှုပြဿနာ" ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး၊ မြန်မာစစ်တပ်အနေဖြင့် လူသားချင်းစာနာမှုအကူအညီများကို ငြင်းဆန်ကန့်သတ်ခြင်းနှင့် ဖြတ်လေးဖြတ် အစီအစဉ်ကြောင့် မြန်မာပြည်သူများ ငတ်မွတ်ခေါင်းပါးမှုကိုခံစားနေရခြင်းတို့ကို ဆွေးနွေးတင်ပြခဲ့ပါသည်။ [4]

စစ်ကောင်စီတပ်၏ စစ်ရေယာဉ်တစ်စင်းဖြစ်သော မုတ္တမအတွက် အဓိက ပစ္စည်းအစိတ်အပိုင်းများ တင်သွင်းရောင်းချခဲ့သည့် ဂျာမနီကုမ္ပဏီ MAN Energy Solutions အား ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း Justice For Myanmar မှ ထုတ်ပြန်ခဲ့ပါသည်။ စစ်ဆေးမှုကို ဂျာမနီနိုင်ငံ၊ အောက်စဘာ့မြို့မှ အစိုးရရှေ့နေက လုပ်ဆောင်နေခြင်းဖြစ်ပြီး MAN Energy Solutions ၏ တင်သွင်းရောင်းချမှုများသည် ဂျာမနီနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် ဥရောပသမဂ္ဂ၏ အရပ်ဘက် - စစ်ဘက် နှစ်မျိုးသုံးပစ္စည်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကြောင်း စွပ်စွဲခံထားရခြင်းဖြစ်ပါသည်။ [5]

---

3 မြန်မာစစ်တပ် ကျူးလွန်သော စစ်ရာဇဝတ်မှုများက 'ပိုပြီး ခပ်စိတ်စိတ်ဖြင့် ပြောင်ကျလာ' ဟု ကုလသမဂ္ဂ စစ်ဆေးတွေ့ရှိ https://tinyurl.com/28mhv3wp

4 စစ်ကောင်စီတပ်က ကျူးလွန်သည့် စစ်ရာဇဝတ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို လုံခြုံရေးကောင်စီက အရေးယူနိုင်ခြင်းမရှိသေးဟု ဦးကျော်မိုးထွန်း ပြော https://tinyurl.com/258hhbjt

5 မြန်မာရေတပ်အတွက် စစ်ပစ္စည်း တင်သွင်းရောင်းချသည့် ဂျာမနီကုမ္ပဏီ စုံစမ်းစစ်ဆေးခံရ https://tinyurl.com/2y4rq5cv

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**